Myanmar Child Protection AoR

Child Protection Area of Responsibility
Global Protection Cluster

unicef
for every child

# <u>လုံခြုံစိတ်ချရသော ရွှေ့ပြောင်းမှုဖြစ်စေရန် ကလေးသူငယ်များအတွက် အသိပညာပေးအချက်အလက်</u>

အကယ်၍ သင်သည် အရေးပေါ်အခြေအနေကြောင့်သော်လည်းကောင်း၊ အခြားအခြေအနေ တစ်ခုခုကြောင့် သော်လည်းကောင်း  တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းသွားလာရမည်ဆိုပါက

1. မသွားခင်၊ လမ်းခရီးတလျှောက်နှင့် သင်ရောက်ရှိနေသောနေရာများတွင် **အမြဲသတိရှိပါ။ အမြဲနိုးကြားမှု ရှိပါစေ။ သင့်ပါတ်ဝန်းကျင် အနေအထား၊ အပြောင်းအလဲနှင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်ကို သတိထားပါ။**
2. သင်ယုံကြည်စိတ်ချရသော မိသားစုဝင်များ၊ မိတ်ဆွေသူငယ်ချင်းများနှင့် **တိုင်ပင်ပါ**။ **အမြဲအဆက်အသွယ်ရှိပါစေ။**
3. သင်သွားရောက်မည့်နေရာ၊ ခရီးလမ်းကြောင်း (သို့) သင်ရောက်ရှိနေသောနေရာနှင့် ပတ်သက်သည့် **သတင်းအချက်အလက်များကို ရနိုင်သလောက် မေးမြန်းစုံစမ်းပြီး စုဆောင်းပါ။**
4. သင်သည် အန္တရာယ်**တစ်စုံတစ်ခု ကျရောက်နေသည်ဟု ခံစားသိရှိပါက** (သို့) သံသယရှိပါက သိလျှင်သိခြင်း **တတ်နိုင်သမျှ အမြန် လွတ်မြောက်နိုင်မည့် နည်းလမ်းများကို ရှာဖွေပါ။ လွတ်မြောက်ရန် ကြိုးစားပါ။**
5. သင့်အားအကူအညီပေးနိုင်သော လူမှုအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ကလေးသူငယ်များကို အကူအညီပေးနေသော အဖွဲ့အစည်းများ၏ **လိပ်စာ၊ ဖုန်းနံပါတ်၊ ဖေ့စ်ဘွတ် (Facebook)၊ ဘိုင်ဗာ (Viber) များကို သိရှိပါစေ။ အတတ်နိုင်ဆုံး ကူညီပေးနိုင်မည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၏ ဖုန်းနံပါတ်များကို အလွတ်ကျက်မှတ်ထားပါ၊ (သို့) ကိုယ်နှင့်မကွာ ဆောင်ထားပါ။**
6. သင်သည် **နှစ်ဘက်ပစ်ခတ်တိုက်ခိုက်နေသည့် အခြေအနေများကြားတွင် ရောက်ရှိနေပါက မိမိကိုယ်ကို လုံခြုံအောင်ပြုလုပ်၍ တိမ်းရှောင်နိုင်မည့်  နည်းလမ်းများနှင့် မိုင်းအန္တရာယ်နှင့်ပါတ်သက်သည့် ကာကွယ်ရေး နည်းလမ်းများကို ကြိုတင်လေ့လာသင်ယူထားပါ။**
7. **သင်သည် အကြောင်းအမျိုးမျိုးကြောင့် လမ်းခရီးတွင် ဖမ်းဆီးထိန်းသိမ်းခံရနိုင်ပါသည်။ ထိုကဲ့သို့သော အခြေအနေတွင် သင်သည် အသက် (၁၈) နှစ်မပြည့်သေးကြောင်းနှင့် နိုင်ငံတကာ ဥပဒေကို လေးစားလိုက် နာရန်လိုအပ်ကြောင်း သင့်ကိုဖမ်းဆီးထိန်းသိမ်းသူအား ပြောရမည်။ ကလေးသူငယ်များကို အကူအညီပေး နေသော အဖွဲ့အစည်းများ၊ ရှေ့နေများနှင့် ဆက်သွယ်အကူအညီတောင်းနိုင်ရန် ကြိုးစားပါ။ အသက်အ ထောက်အထားအတွက် မှတ်ပုံတင်နံပါတ် (သို့) မွေးစာရင်းမိတ္တူ (သို့) မွေးနေ့ (သို့) ကျောင်းသားကဒ် စသည့်တို့ကို တင်ပြနိုင်လျှင်သော်လည်းကောင်း၊ မတင်ပြနိုင်ပါက အတိအကျပြောပြနိုင်လျှင်သော်လည်း ကောင်း သင့်အတွက် ပိုမိုအကျိုးရှိစေပါမည်။**
8. သင်သည် လမ်းခရီးတွင် မိသားစုဝင်များနှင့် **အကြောင်းအမျိုးမျိုးကြောင့် ကွဲကွာသွားနိုင်သည်။** ထိုကဲ့သို့ **ကွဲကွာသွားပါက ဆက်လက်လုပ်ဆောင်ရမည့် အချက်များကို** မိသားစုနှင့်တိုင်ပင်ပြီး ကြိုတင်ပြင်ဆင်ထားပါ။

9. သင်နှင့် ရင်းနှီးသူ၊ မရင်းနှီးသူများက သင့်ကို မိသားစုအားရှာပေးမည်၊ ပိုမိုကောင်းမွန်ပြီး လုံခြုံစိတ်ချရသော နေရာသို့ ပို့ပေးမည်၊ အလုပ်ရှာပေးမည် စသည်ဖြင့် အကြောင်းအမျိုးမျိုးနှင့် **ချဉ်းကပ်ပြီး လူကုန်ကူးခြင်း၊ ရောင်းစားခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများထံသို့ ပို့ဆောင်ခြင်းများ** ပြုလုပ်နိုင်ပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းများမှလည်း သင့်ကိုခေါ်ဆောင်သွားပြီး **ကလေးစစ်သားအဖြစ်သော်လည်းကောင်း၊** ယင်းတပ်ဖွဲ့အတွက် **အလုပ်များခိုင်းစေခြင်းကို ပြုလုပ်နိုင်သည်**။ အသိ၊ သတိရှိရန်အတွက် အဆိုပါ**အခြေအနေမျိုးများကြုံတွေ့လာရပါက အတတ်နိုင်ဆုံး ငြင်းဆန်ရမည်။ ထိုသူများနှင့် ဝေးရာသို့တိမ်းရှောင်ပြီး သင့်အား အကူအညီပေးနိုင်သည့် အဖွဲ့အစည်းများ၊ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်မှု ပေးနေသော အဖွဲ့အစည်းများထံသို့ အကူညီတောင်းခံပါ။**

**Safe Migration Messages for Children**

If you need to relocate or move from one village to another for any reason,

1. Before you leave, during your move, and once you reach your destination. **Stay alert! Stay focused, be aware of any changes, potential dangers, or important details in your surroundings**.
2. **Stay in contact** with trusted people, such as family members, relatives, or friends & **consult with them!**
3. **Collect the information** of your route and destination as much as you can.
4. **Be prepared to find an escape route and act quickly** if you feel threatened or encounter something suspicious.
5. **Make sure to be aware of** the addresses or Phone number or Facebook or Viber of social or public organizations that can help. And **memorize** some contact details of people and organizations and **keep them** with you.
6. **Learn how to stay safe in a battlefield** and **to be aware of mine risk safety measures.**
7. **You may be detained on the road for any reason. In such a situation, you should inform the person in charge of your arrest that you are under 18 and that international law must be respected. Try to contact lawyers or organizations that assist children, and provide a copy of your registration number, birth certificate, date of birth, or student ID card as proof of your age.** Even if you cannot provide these documents, telling this information verbally will be in your best interest.

8. You may be **separated from other family members** while you are moving for various reasons. **Prepare in advance by discussing with your family what steps to take if such a separation happens.**
9. Some people may deceive you by promising to help you reunite with your family, take you to a safer place, or assist in finding a job, but their true intention is to traffic you or recruit you into the armed forces. Some people might also **take you to the armed forces, where they could be forced you to work as a child soldier or within that group.** In this situation, **Say No! Stay away! from them immediately and Seek help! from organizations that can assist you, especially those supporting young people.**

**ကလေးသူငယ်များ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းမှုအတွက် အကူအညီပေးနိုင်ရန် မိဘများနှင့်အုပ်ထိန်းသူများ အတွက် အသိပညာပေးအချက်အလက်**

သင့်ကလေးသည် တစ်နေရာမှတစ်နေရာသို့ အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းသွားလာရနိုင်ပါသည်။ သင့်ကလေး လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှု ဖြစ်စေရန်အတွက် သင့်အနေဖြင့် သင့်ကလေးအား...

1. **စိတ်ပိုင်းဆိုင်ရာကြိုတင်ပြင်ဆင်မှု ပြုလုပ်ပေးပါ။** သင့်ကလေးအား ရွှေ့ပြောင်းသွားလာမှု ဖြစ်လာနိုင်ကြောင်းနှင့် ဖြစ်လာပါက စိတ်လှုပ်ရှားခြင်းမဖြစ်ပဲ တည်ငြိမ်စွာ ရင်ဆိုင်နိုင်ရန် စိတ်ပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်လေ့ကျင့်ပေးပါ။
2. **အရေးပေါ် ရွှေ့ပြောင်းမှုများ ပြုလုပ်ရပါက မိသားစုဝင်များအချင်းချင်း အထူးသဖြင့် လူကြီးများနှင့် ကလေးများ ကွဲကွာခြင်း မဖြစ်စေရန် အထူးဂရုပြုဆောင်ရွက်ပါ။ ကလေးများကိုလည်း မှာကြားထားပါ။**
3. **အကယ်၍ လူကြီးများနှင်ကလေးများ ကွဲကွာသွားပါက ကလေးများအား ဆက်လက်လုပ်ဆောင်ရမည့်အရာများ/ အချက်အလက်များကို ကြိုတင် ပြောပြထားပါ၊ ပြင်ဆင်ပေးထားပါ။**
   a. **ဖုန်း (သို့) ဖေ့စ်ဘွတ် (Facebook)၊ (သို့) ဘိုင်ဗာ (Viber) မှ ဆက်သွယ်ခိုင်းပါ။ ကလေးများအား မိမိအမည်၊ မိဘအမည်၊ လိပ်စာ၊ အချင်းချင်းဆက်သွယ်နိုင်သော ဖုန်းနံပါတ်၊ (သို့) ဖေ့စ်ဘွတ် (Facebook)၊ (သို့) ဘိုင်ဗာ (Viber) အလွတ်ရနေပါစေ။ အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ (သို့) ဖေ့စ်ဘွတ် (Facebook)၊ (သို့) ဘိုင်ဗာ (Viber) ရေးမှတ်ပြီး ကလေးများအား ကိုယ်နှင့်မကွာဆောင်ထားရန်၊ သေချာသိမ်းဆည်းထားရန် အသိပေးပါ။**

b. ဖုန်း (သို့) ဖေ့စ်ဘွတ် (Facebook)၊ (သို့) ဘိုင်ဗာ (Viber) မှ ဖြင့်ဆက်သွယ်၍မရပါက စောင့်ဆိုင်းနေရမည့်နေရာ (သို့) မိသားစုဝင်များ တွေ့ဆုံမည့်နေရာကို ကြိုတင်ပြင်ဆင်ပြီး ကလေးငယ်များကို အသိပေးထားပါ။

c. ကလေးအားသူရောက်ရှိနေသောနေရာမှ လူမှုအဖွဲ့အစည်းများ၊ ကလေးသူငယ်များကို အကူအညီပေးနေသော အဖွဲ့အစည်းများထံသို့ ချဉ်းကပ်၍ အကူအညီတောင်းရန် ကြိုတင်ပြောပြထားပါ။

d. သင့်ကလေးအား အမြဲသတိရှိစေရန်၊ အမြဲနိုးကြားမှုရှိစေရန် သင်ကြားထားပေးပါ။ ကလေးအား ပတ်ဝန်းကျင် အနေအထား၊ အပြောင်းအလဲနှင့် ဖြစ်လာနိုင်သောအန္တရာယ်များကို သတိထားတတ်ရန် လေ့ကျင့်သင်ကြားထားပေးပါ။

e. ကလေးသည် အန္တရာယ်တစ်စုံတစ်ခုအတွင်း ရောက်ရှိနေကြောင်း သိရှိပါက (သို့) သံသယရှိပါက သိလျှင်သိခြင်း လွတ်မြောက်နိုင်မည့် နည်းလမ်းများကိုရှာဖွေပြီး၊ လွတ်မြောက်နိုင်ရန်အတွက် ကြိုးစားဖို့ မှာကြားထားပါ။

f. တချို့သော ရင်းနှီးသူ၊ မရင်းနှီးသူများက သင့်ကလေးအား မိသားစုအားရှာပေးမည်၊ ပိုမိုကောင်းမွန်ပြီး လုံခြုံစိတ်ချရသော နေရာသို့ ပို့ပေးမည်၊ အလုပ်ရှာပေးမည် စသည်ဖြင့် အကြောင်းအမျိုးမျိုးပြကာ ချဉ်းကပ်ပြီး လူကုန်ကူးခြင်း၊ ရောင်းစားခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများထံသို့ ပို့ဆောင်ခြင်းများ ပြုလုပ်နိုင်ပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းများမှလည်း သင့်ကလေးကို ခေါ်ဆောင်သွားပြီး ကလေးစစ်သားအဖြစ်သော်လည်းကောင်း၊ ယင်းတပ်ဖွဲ့အတွက် အလုပ်ခိုင်းစေခြင်းများပြုလုပ်နိုင်သည်။ ထိုအခြေအနေမျိုး ကြုံရပါက သင့်ကလေးအား အတတ်နိုင်ဆုံး ငြင်းဆန်ရန်၊ ထိုသူများနှင့် အဝေးဆုံးကို ထွက်ပြေးရန်နှင့် အကူအညီပေးနိုင်သော အဖွဲ့အစည်းများ၊ ကလေးသူငယ်များကို အကူအညီပေးနေသော အဖွဲ့အစည်းများကို ရှာဖွေအကူအညီတောင်းရန် မှာကြားထားပါ။

g. သင့်ကလေးသည် အကြောင်းအမျိုးမျိုးကြောင့် လမ်းခရီးတွင် ဖမ်းဆီးထိန်းသိမ်းခံရနိုင်ပါသည်။ ထိုကဲ့သို့သော အခြေအနေတွင် သင့်ကလေးသည် အသက် (၁၈) နှစ်မပြည့်သေးကြောင်းနှင့် နိုင်ငံတကာ ဥပဒေကို လေးစားလိုက်နာရန် လိုအပ်ကြောင်း ဖမ်းဆီးထိန်းသိမ်းသူအား ပြောပြရမည်ဟု သင့်ကလေးအား မှာကြားထားပါ။ ကလေးသူငယ်များကို အကူအညီပေးနေသော အဖွဲ့အစည်းများ၊ ရှေ့နေများနှင့် ဆက်သွယ် အကူအညီတောင်းနိုင်ရန် ကြိုးစားခိုင်းပါ။ အသက်အထောက်အထားအတွက် မှတ်ပုံတင်နံပါတ် (သို့) မွေးစာရင်းမိတ္တူ (သို့) မွေးနေ့ (သို့) ကျောင်းသားကဒ် စသည်တို့ကို တင်ပြနိုင်လျှင် သော်လည်းကောင်း၊ မတင်ပြနိုင်ပါက အတိအကျပြောပြနိုင်လျှင်သော်လည်းကောင်း၊ သင့်ကလေး အတွက် ပိုမိုအကျိုးရှိစေပါမည်။

4. အခြေအနေပေးပါက အစာခြောက်၊ ရေ၊ ဆေးဝါးများကို ပြင်ဆင်ထားပြီး ကလေးများ၏ လွယ်အိတ်များတွင် တနိုင်ထည့်ထားပေးပါ။။

Myanmar Child Protection AoR
Child Protection Area of Responsibility
Global Protection Cluster

unicef
for every child

**5. နှစ်ဘက်အပြန်အလှန် ပစ်ခတ်တိုက်ခိုက်နေသည့် အခြေအနေများကြားတွင် ရောက်ရှိနေပါက မိမိကိုယ်ကို လုံခြုံအောင်နေထိုင်ပြီး တိမ်းရှောင်နိုင်မည့် နည်းလမ်းများနှင့် မိုင်းအန္တရာယ်ကာကွယ်ရေး နည်းလမ်းများကို သင်ကြားပြသပေးထားပါ။**

**<u>Messages for parents and caregivers to help children move safely</u>**

Your children may need to move from one place to another for several different reasons

To ensure a safe migration, you should prepare the following tips for your child:

1. **Mental preparation for your child:** Help your child mentally prepare for the possibility of migration and encourage them to handle it calmly, without letting emotions take over.
2. **Keeping adults and children together:** In the event of an emergency relocation, ensure that family members, particularly adults and children, are not separated. Tell the children know.
3. If adults and children get separated, explain the following steps that the children should take
   a. Ask the children to contact through Phone or Facebook or Viber: Make sure the children memorize their name, parent's name, address, phone number, Facebook and Viber contact where they can contact each other. Make sure to write down emergency contact information, including phone numbers, Facebook, or Viber, and keep it with them.
   b. Decide for a waiting area or meeting place for family members and let the children know in advance If they cannot be reached by Phone or Facebook or Viber.
   c. Inform the child in advance to contact the local community or organization that supports children in their area and ask for help.
   d. Tell the children to **Stay alert! Stay focused, be aware of any changes, potential dangers, or important details in your surroundings**.
   e. Tell the children to b**e prepared to find an escape route and act quickly** if he or she feel threatened or encounter something suspicious.

f. **Your children may be detained on the road for any reason. In such a situation, instruct your children to inform the person in charge of their arrest that they are under 18 and that international law must be respected. Encourage them to contact lawyers or organizations that assist children and provide a copy of their registration number, birth certificate, date of birth, or student ID card as proof of age. Even if they cannot provide these documents, sharing this information verbally will be in your children's best interest.**

g. Some people may deceive your children by claiming they will help reunite them with their family, take them to a safer place, or assist in finding a job. However, their true intention is to traffic your children or recruit them into the armed forces. Others might even take your child to the armed forces, where they could be forced to work as a child soldier or within that group. In such cases, make sure to tell the children in advance to **Say No! Stay away! from them immediately and Seek help! from organizations that can assist you, especially those supporting young people.**

4. If the situation allows, prepare portions of dry food, water, and medicine that the children can carry with them.
5. Teach the children how to stay safe in a battlefield and ensure they are aware of mine risk safety measures.